ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## ကြယ်ကလေးရဲ့မေမေ



ဒုတိယအကြိမ်

ဒီမေမေ့ရင်ခွင်မှာ ပန်းကလေးတစ်ပွင့်၊ ကြယ်လေးတစ်စင်းလို မင်း ပြုံးပြုံးပြက်ပြက်ထွန်းစက်ခွင့် ရပါစေမယ်။ ငြိမ်းချမ်းဖို့ သာ အဓိကပါနော် ။ လောကမှာ မေတ္တာထက် နွေးထွေးတာ ဘယ်အရာမှ မရှိပါဘူး လူက လေးရယ်။ မေမေ့မှာ ငွေအသပြာ မရှိပေမယ့် ချစ်ခြင်းတရားတို့ စိုထွန်းရွှန်းမြ မင်းဘဝ လုံခြုံရပါစေမယ် ကလေးရယ် ...။

ဝတ်မှုန်ခေါင်

## အပိုင်း (၁)

## အခန်း(၁)

ရထားပြတင်းမှ အလင်းက မှိုင်းမှုန်ရီဝေနေသည် ။ တိမ်မည်းစိုင်တို့ ကြောင့် ကောင်းကင် တစ်ခွင်လုံး ရွှဲအိပြိုက်စက်။ မိုးကောင်းကင်ပြာကြီးတစ်ခုလုံး မှိုင်းညို့ဝေမှောင်။

ရွာတော့မှာ ပဲ ...

မရွာပါနဲ့ မိုးရယ် ...

မိုးရွာလို့ ရှိရင် ဖားတွေ မအော်ဘဲနဲ့ ရထားတစ်စင်းလုံး ချမ်းလိုက်တုန်နစ် စိတ်ညစ်ရရုံပဲရှိမှာ ။ စောစောကတစ်ချီ မိုးနှင့်ထိတွေ့ပြီး ဖြစ်သဖြင့် ဝတ်မှုန်ခေါင်မှာ အနည်းငယ် စိုရွှဲခဲ့ပြီးလည်း ဖြစ်သည် ။

ငယ်ငယ်တုန်းကတော့ မိုးရွာရင် သိပ်ပျော်ခဲ့တဲ့ သူမ။ တအုန်းအင်းအင်း မြည်သော ဖားသံများကို နားဆင်ရင်း ဖေဖေ့ရင်ခွင်နဲ့ မေမေ့ရင်ခွင်ကြားမှာ တိုးနစ်ပျော်မြူး၊ တော်တော်နှင့်လည်း မအိပ်ချင်ခဲ့ဘူး မဟုတ်လား။ ည ... ညတွေမှာ ...

မိုးကြိုးတွေပစ်၊ လျှပ်တွေလက်၊ မေမေ့ကိုကျုံးဖက်။ မိုးကြိုးတွေသော့၊ လျှပ်တွေ မော့၊ ဖေဖေ့အပေါ် လူးဆော့။ ဘယ်မှာ လဲ၊ ကြောက်စရာဆိုတာ ချိုနဲ့ လား။

ခုတော့ သူမမှာ လောကကြီးထဲ တစ်ယောက်တည်း။ တစ်ကောင်ကြွက်ဆိုတာ အစက ကြားဖူးရုံရှိပေမယ့် ယခု ကိုယ်တိုင်ခံစားရတော့ ခါးသက်စူးရှခဲ့ပြီ။ ချာလည်ချာလည်မူး၊ လယ်ကွင်း တောတန်းများကိုကြည့်ရင်း ဘဝဆိုတာ ဒီလိုမျိုးလား။ သူမအတွေးတို့ ဖြန့်ကြက်မိနေပြန်သည် ။

ရုပ်ရှင်ပြသလို တစ်ကွက်ပြီးတစ်ကွက်၊ တစ်ခန်းပြီးတစ်ခန်း။ တစ်ခါတစ်ခါကျတော့လည်း အလျင်လိုစွာဖြင့် နှစ်ခန်းပူး၊ သုံးခန်းပူးကို တစ်ကွက်တည်းပြ။ ခံစားရသူမှာ ပရမ်းပတာ။

ရှစ်တန်းနှစ်ကတည်းက မိတဆိုးလေး ဖြစ်ခဲ့ရသည့်သူမမှာ ဖခင်ကိုပဲ စုပြုံအားကိုး။ သူမကတော့ ဖေဖေ့ကို ချစ်လိုက်ရတာ။ ဝဲတက်လာသည့် မျက်ရည်များကို ခေါင်းမော့ခါယမ်းရင်း သူမ အံတင်းတင်း ကြိတ်လိုက်မိသည် ။ ချင်းစိမ်းနဲ့ မိတ်သလင် ... အဲ! ဖေဖေ့ကို ဒီလို ပြောလို့ ရသလား။ သို့ပေမဲ့ စိတ်နာတာတော့ အမှန်။

ဘာလဲ … ဆေးပေးမီးယူလို့ ရအောင်လည်း သူမက ဖေဖေ့ကို လိုလေသေးမရှိ ပြုစု ချက်ကျွေးခဲ့သည် မဟုတ်လား။ သူမငယ်စဉ်ကတည်းက မေမေက ချူချာသည် မို့ အိမ်မှုကိစ္စ၊ ချက်ရေး ပြုတ်ရေးများကို သူမပဲ ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်ပေးခဲ့တာလေ။ မေမေကတော့ သင်ပြပေးခဲ့ရတာပေ့ါ။

အဲဒါတောင်မှ ဆေးပေးမီးယူဆိုပြီး နောက်မိန်းမ ထပ်ယူခဲ့တဲ့ ဖေဖေ ။

သွား … ဖေဖေ့ကိုမုန်းတယ်။

ဖေဖေ ဆင်ပေးထားတဲ့ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ နားကပ်က အစ ချွတ်ထားခဲ့ပြီး အိမ်ပေါ်က ဆင်းလာခဲ့သည့် သူမ။ ဒေါ်ကြီးတို့ အိမ်ကို သွားမည်။ ဖေဖေ စိတ်ပူပစေ။ အဲဒါမှ ကောင်းတယ်။

သို့ပေမဲ့ စာတော့ ရေးထားခဲ့သည် ပဲ။ ဒေါ်ကြီးတို့ အိမ်သို့ သွားနေမည့်အကြောင်း။ ဆယ့်ရှစ်နှစ်လည်း ကျော်ခဲ့ပြီပဲနော်။ ဖေဖေ့အပူ ဘာရှိတော့။ သည် စဉ် …

"ဟယ်! ကလေးလေးက ချစ်စရာ၊ သနားစရာလေးဟယ်"

"အေးဟယ်၊ အဖြစ်ဆိုးလိုက်တာ။ ကျွတ်! ကျွတ်!"

ရထားပေါ်မှ အသံများကြောင့် သူမ လှမ်းကြည့်လိုက်တော့ သုံးနှစ်အရွယ်လောက် ကလေးလေးတစ်ယောက်၊ ခွက်လက်ဆွဲလို့ တွေ့လိုက်ရသည် ။

အို! … သူမရင်ထဲ နင့်ခနဲ ဖြစ်သွားခဲ့ရပြီ။

ယခု ညစ်ထပ်ထပ် ဖြစ်နေရပေမယ့် အသားဖြူပုံရသည် ။ ခေါင်းမွေးလေးတွေ စုတ်ဖွားနေပေမယ့် ရွှေရောင်နုနုလေးတွေ ဖြစ်ဟန်တူသော

ကလေးလေးရုပ်သွင်က အဖိုးတန် အရုပ်ကလေး တစ်ရုပ်ကို မြောင်းထဲ နှစ်ထားသည့် ပုံသဏ္ဌာန်။

ဘာစကားမှ လည်း မဆို။

နောက်က ခပ်ကွာကွာ လိုက်လာသော မိန်းမကြီးကို လှည့်တကြည့်ကြည့် ကြည့်ရင်း ရှေ့ကနေ ခပ်သုတ်သုတ်လေးသွားပြီး ခွက်ကလေးကို ထိုးထိုးခံနေလိုက်သည် မှာ မကြည့်ရက်စရာ။ ကြည်စင်သော မျက်ဝန်းလေးများက လောကဆိုတာကြီးကို နာကျင်ရှုံ့ကြောက်။

ရထားတစ်တွဲလုံး၏ မျက်လုံးအကြည့်များက ချစ်စဖွယ် အသွေးအမွေးလေးများ ဖြင့် စုတ်စုတ်ပြတ်ပြတ် ကလေးလေးနှင့် နောက်ကမိန်းမကိုသာ ဝိုင်းကြည့်နေကြသည် ။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ဘွားခနဲ ဖြစ်ပေါ်လာခဲ့သည် ။

"မေမေ ..."

မြတ်စွာဘုရား!

ခွက်ကလေးကို အောက်ပစ်ချပြီး သူမပေါင်ပေါ်သို့ ဖက်တက်၊ သူမလည်ပင်းကို ကျစ်ကျစ်ပါအောင် ဖက်ရင်း ကျူကျူပါအောင် ချုံးပွဲချငိုရှာပါသည့် ကလေးငယ်။

"ဟင်!"

"အို!"

"ဟဲ့! လာခဲ့ ... လာခဲ့"

အာမေဋိတ်သံနှင့် ရက်စက်သံများ အကြားမှာ ကလေးလေးက ခေါ

င်းပင်မဖော်တော့ချေ။

သူမ ရင်ဘတ်တစ်ပြင်လုံးရွှဲအောင် ငိုနေရှာသည့် ကလေးလေးကို အလိုက်သင့်ဖက်ရင်း နောက်က မျက်ထောင့်နီနှင့် မိန်းမကြီးကိုကြည့်ရင်း သူမရင်ထဲမှာ ဇူဇကာပုဏ္ဏားနှင့် ကဏှာ၊ ဇာလီမောင်နှမတို့ ကို သွားသတိရမိတော့သည် ။

ဒါ ... ဒါရိုးမှ ရိုးသားရဲ့ လား။ ဒီမိန်းမကြီး ဒီကလေးလေးကို ဘယ်ကခိုးလာတာလဲ။ ကလေးတွေကိုခိုးပြီး တောင်းခိုင်းတယ် ဆိုတာများ လား။

"လာခဲ့ မသာလေး၊ အိမ်ကျမှ သတ်မယ်။ အားနာလိုက်တာ အစ်မလေးရယ်"

ကလေးကို ဆွဲခေါ်သည့်လက်တွေက တစ်စက်ကလေးမှ မညင်သာ။ ကလေးကလည်း ဘီလူးသရဲနောက်ကို လိုက်ရမှာ စိုးလို့ ကျုံးဖက်ထားသည့်နှယ် သက်စွန့်ဆံဖျားရှိလှသည် ။

ဒါ သုံးနှစ်ဝန်းကျင် အရွယ်လေးမို့ မာယာတွေတော့ တတ်ဟန်မတူ၊ ဧကန္တ ဒီကလေးလေးရဲ့ မေမေဟာ ငါနဲ့ ရုပ်တူလို့ များ လား။ ဆယ့်ရှစ်နှစ်ကျော်ကျော် အပျိုစင်သူမမှာ အတွေးတို့ ဖြင့် လှုပ်ခတ်လှိုင်းထန်နေတော့သည် ။

"မေမေ ... မေမေ ... သားသားကို မထည့်လိုက်ပါနဲ့ ။ ဒီမိန်းမကြီးကို ကြောက်တယ်။ မေမေ သားသားကို ပစ်မထားခဲ့ပါနဲ့ နော်"

ရထားတစ်တွဲလုံးကတော့ ဝိုင်းကြည့်ကုန်ကြပြီ။ အပျိုလေးတန်မဲ့ ကလေးက မေမေခေါ်ကာ ဖက်တွယ်နေခြင်းကို သူမမရှက်။ ကိုယ်မှ မေမေမဟုတ်တာဘဲ။ သို့ပေမဲ့ ဒီကလေးလေးကို သူမ မစွန့်ပစ်ခဲ့နိုင်တော့။

ဘေးလူတွေ ထင်ချင်ရာထင်ပါစေ။ ဒုက္ခရောက်နေသည့် ဒီကလေးလေးကိုတော့ သူမ ချန်မထားခဲ့ရက်နိုင်တော့ပါ။

အင်း ... လွယ်လွယ်နဲ့ လည်း ရဖို့ တော့မမြင်။ ကလေးက သူမကိုကျုံးဖက်။ နောက်ကမိန်းမကြီးက ကလေးကို အတင်းဆွဲ၊ အဖြစ်အပျက်ကတော့ ဝရုန်းသုန်းကား။ ရထားတွဲထဲက လူတွေကတော့ ဘယ်သို့လုပ်ရဟန်မသိ။ သူမကို ကြည့်လိုက်၊ ကလေးကိုကြည့်လိုက်၊ ဟိုမိန်းမကြီးကို ကြည့်လိုက်။

"ကြေယ် ... လိုက်မလား မလိုက်ဘူးလား။ အိမ်ကျ နင့်မအေကို ငါ ဘယ်လိုပြောရမလဲ"

"မအေ"တဲ့ ။ ရထားတွဲပေါ်မှ လူများမှာ နဝေတိမ်တောင်။ ကလေးကို ကျစ်ကျစ်ပါအောင် ဖက်ထားတဲ့ ဒီမိန်းမလှလေးဟာ မအေလား၊ အိမ်မှာ ကျန်ခဲ့တာက မအေလား။ မည်သူမှ လည်း မဝေခွဲတတ်တော့။

သည် စဉ်မှာ ပဲ မီးရထားရဲတစ်ယောက်နှင့် လက်မှတ်စစ်တစ်ယောက် ဖြတ်လျှောက်လာကြသည် ။ သူမ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည် ။ မျက်ရည်စက်လက်နှင့် သူမကို ငေးနေရင်း ဟိုမိန်းမကြီးနောက်သို့ လိုက်ရတော့မည့် "ကြေယ်" ဆိုသည့် ကလေးလေးအား "သား"လို့ လှမ်းခေါ်ပွေ့ဆွဲလိုက်သည် မှာ တင်းတင်းကျပ်ကျပ် ပိုင်ပိုင်နိုင်နိုင်။

"မေမေ"

သားအမိနှစ်ယောက်၏ ဖက်ထွေး ပိုက်ယမ်းငိုကြွေးမှုသို့ ရထားတစ်တွဲလုံးက တအံ့တသြ။

"ဟောတော့်!"

"အလို!"

"ဘာဖြစ်သွားတာတုံး"

"ဒါ... ဒါ ကျွန်မသားပါ၊ ပျောက်နေတဲ့ ကျွန်မသားလေးပါ။ ပျောက်နေတာ ခြောက်လလောက်ရှိပြီဆိုတော့ ရုတ်တရက် မမှတ်မိလိုက်ဘူး။ ဒီမှာ ... ဒီမှာ သားလေးရဲ့ အမာရွတ်ကလေး"

ယခုမှ ဖက်ရင်း စမ်းမိလိုက်သည့် လက်မောင်းမှ အမာရွတ်ကလေး တစ်ခုကို ခါတော်မီပြ။ ဝတ်မှုန်ခေါင်တို့ ကတော့ စမိရင် မလျှော့တော့ပါဘူး။

ကိုင်း! ... ဘယ့်နှယ့်ရှိစ။

မျက်ရည်ကလည်း မဆန်းပါ။ သူမက စောစောကတည်းက ငိုချင်လျက် လက်တို့ မဟုတ်လား။ ဖေဖေ့ကိုလွမ်းလို့ ဖေဖေလွမ်း၊ မေမေလွမ်း၊ မိုးကောင်းကင်ကြီးကိုပါ လွမ်းနေခဲ့တာလေ။

မျက်ရည်များ ပိုးပိုးပေါက်ပေါက်နှင့် အမာရွတ်ကလေးကို မှ င်သေသေနှင့် ပြနိုင်သည့်အပြင် ကလေးကလည်း တမေတည်း မေနေလေတော့ရာ ...

မူမမှန်သူ မိန်းမကြီးမှာ မကျေမချမ်းနှင့် အားမတန် မာန်လျှော့ရတော့မည့်ပုံ ဖြစ်နေတော့သည် ။ သို့ပေမဲ့ သူကလည်း ဘယ်လွယ်လွယ်နှင့်တော့ အလျှော့ပေးချင်မလဲ။ တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေသည့် ငန်းပေါက်ကလေး မဟုတ်လား။

" မဟုတ်ဘူး ၊ အဲဒီကောင်မလေး ညာတာ။ ဒါ ကျွန်မညီမရဲ့ သား၊ ကျွန်မတူလေး။ သူ့မအေ နေမကောင်းလို့ ကျွန်မနဲ့ ထည့်လိုက်တာ။ ဒါ မွေးကတည်းက သူတောင်းစား၊ ဘယ်ကမှ သူ့ကလေး မဟုတ်ဘူး "

မိန်းမကြီးကလည်း စောင်းစောင်းမဲမဲ။ သူမကို အစိမ်းလိုက် ဝါးစားတော့မည့်ပုံနှင့်။ ကလေးကလည်း ကြောက်လွန်းသဖြင့် ဆတ်ဆတ်တုန်နေရှာပြီ။ ဘယ်ရမလဲ၊ ဝတ်မှုန်ခေါင်ပဲ။ ငယ်ငယ်ကတည်းက ဇာတ်ရူး ဗီဒီယိုရူးပဲဟာ။

"ဘာ ရှင်ညာတာလဲ။ ဒါ ကျွန်မသား။ လွန်ခဲ့တဲ့ ခြောက်လလောက်က ဒီလိုပဲ ရထားပေါ်မှာ  ရန်ကုန်ကအပြန် ကျွန်မသားလေး ပျောက်ကျန်ခဲ့တာ။ ရဲကြီးရှင့်၊ အဲဒီမိန်းမကိုဖမ်းပါ။ သူတို့ ဒီလိုပဲ ကလေးတွေကို ဖမ်းဖမ်းပြီး အညွန့်ချိုးပစ်တယ်။ သားလေးရဲ့ ... အဖြစ်ဆိုးလိုက်တာနော် ။ ကံကြီးလို့ မေမေနဲ့ ပြန်တွေ့ရတယ်။ လက်မှတ်စစ် ဦးဦးရှင့်၊ ကျွန်မမှာ သားလေးရဲ့ မွေးစာရင်း ရှိပါတယ်၊ အိမ်မှာ ပါ။ ကျွန်မယူ လာပြီး ပြနိုင်ပါတယ်။ သားလေး ကြယ်ကလေး ..."

အိုက်တင်ကတော့ အနည်းငယ် ပိုသွားသလားတောင်မသိ။ မတတ်နိုင် ... စမိမှ တော့ ဆုံးအောင် လုပ်ရတော့မှာ ပါပဲ။ အသက်တစ်ချောင်း ဆိုတာလည်း ကယ်ကောင်းပါတယ်နော်။ နောက်တော့ အားလုံးက သူ့ဘက်သို့ ပါလာကြသဖြင့် ထိုမိန်းမကြီး ယောင်လည်လည်ဖြင့် လစ်ပြေးပါလေတော့သည် ။

ဒီတော့ သူမမှာ လည်း သက်ပြင်းချ။ ကံဆိုးလိုက်တာ သားလေးရယ် ။ ငါကလည်း အိမ်ပြေးဟဲ့။ ငါတောင် ဘယ်လိုနေရမှန်း မသိဘူး။ ဒါပေမဲ့ မပူနဲ့ တော့ ကလေးရယ်။ သေအတူရှင်အတူ တို့ တွေ အတူတူ နေကြတာပေ့ါနော်။

ဖြစ်တည်လာတဲ့ "ရေစက်"ကလေးကို ငါတန်ဖိုးထားပါတယ်။

"ဟဲ့! ကလေးမရယ်၊ ဟုတ်ရောဟုတ်ရဲ့ လား။ အဲဒါ နင့်သားဟုတ်ရဲ့ လား"

သူမရဲ့ ဘေးနားမှ ဦးလေးကြီးက စပ်စုတော့ ကျန်သူများကလည်း ဝိုင်းပြီး အင်တာဗျူးကြပြီ။

"မဖြစ်နိုင်တာ၊ ဘယ်လိုလုပ် ဒါ ကလေးအမေ ဖြစ်ရမလဲ။ ကလေးတစ်ယောက် တာဝန်ဆိုတာ နည်းတာ မဟုတ်ဘူး ဟဲ့"

စေတနာဖြင့် ပြောလာသူများကို သူမကတော့ ခပ်တည်တည် ကြည့်ပစ်လိုက်သည် ။

"ဘာလို့ မဟုတ်ရမှာ လဲ ... ဒါ ကျွန်မသား။ အခုပဲ မွေးလိုက်တာလေ။ မမြင်ဘူးလား"

ရထားတွဲပေါ်မှ လူများအားလုံး ဝိုင်းရယ်လိုက်ကြသည် ။ သူမဘေးမှ ဦးလေးကြီးက မှတ်ချက်ချပြန်သည် ။

"အင်း ... ဘုန်းကြီးရှူးနဲ့ လေ့လူးတော့ တွေ့ကြပြီ။ နင်ပဲရူးသလား၊ ကလေးကပဲ လူးသလား"

ဘာပဲဖြစ်ဖြစ် သူမကတော့ ယခုမှ ရသည့် သားကလေးကို မျက်နှာသစ်ပေးလိုက်သည် ။ သည် စဉ် မနေနိုင်သည့် ကလေးအမေတစ်ယောက်က သူ့သား၏ ဝတ်စုံနှစ်စုံ သုံးစုံကို ထုတ်ပေးရှာသည် ။ အသစ်တွေပါပဲ။ စပို့ရှပ်ဝမ်းဆက်လေးတွေ။

"သာဓုပါ ကလေးမရယ်၊ ဒါ မရိုးသားမှန်းတော့သိတယ်။ ကလေးမဆိုးဖြတ်တာ မှန်ပါတယ်"

အဝတ်အစားလဲပြီး သန့်စင်ပြီးတော့ ကလေးလေး၏ ရုပ်ကလေးကတိမ်ရိပ်လွှတ်သည့် လကလေးအသွင်။ ဝင်းဝင်းပပ လင်းလင်းမြမြ ရှိလှသည် ။

ဟိုမှ ဒီမှ ကျွေးသော မုန့်များကိုစားရင်း သူမတို့ သားအမိမှာ ဖွံ့ဖွံ့ဖြိုး

ဖြိုး။ သူမမှာ ဆင်ဖြူလေးတစ်ကောင် ရခဲ့ပြီ။

***

# အခန်း (၂)

"ဟင်!"

မြင်လိုက်ရသော နှစ်ထပ်တိုက်လှလှလေးကို ကြည့်ရင်း သူမ ရင်ပူဟပ်သွားရချေတော့ပြီ။ မရောက်ခဲ့သော ဆယ်နှစ်လောက် အတွင်းတော့ ဒေါ်ကြီးတို့ ဒီလောက် မကြီးပွားတန်ရာ။ ဧကန္တ ခြံပဲ ရောင်းခဲ့လို့လား။

မီးခဲမှိုမိသလို ရင်ထဲမှာ ပူချေပြီ။

မိဘ စိတ်မချမ်းသာအောင် လုပ်ခဲ့မိတဲ့ သားသမီးဟာ ဒီလိုပဲ ဒုက္ခတွေ့တတ်သလား။ အို! ငါမကောင်းတာမှ မဟုတ်တာ။ ဖေဖေမကောင်းတာပဲ။ သီးချိန်တန်သီးရအောင် သူ့အရွယ်ကဖြင့် အသီးသီးတဲ့အရွယ်လည်း မဟုတ်ဘဲနဲ့ ။

ကိုယ့်တရားကိုယ် စီရင်ရင်း ခြံဝမှ ခြံထဲသို့ မှန်းမျှော်ကြည့်နေရှာသည့် သူမတို့ သားအမိ။ ဆိုက်ကားဆရာကလည်း မသွားသေး။ ဘယ်ကိုများ ဆက်ပို့ပေးချင်လို့ ပါလိမ့်။ ရပ်က မချိုမချဉ်၊ ပြုံတည်တည်။

"ရလား အစ်မလေး၊ ဒီအိမ်ဟုတ်လား"

သူမ ဆိုက်ကားဆရာကိုလှည့်ပြီး မျက်စောင်းထိုးပစ်လိုက်သည် ။

"ဟုတ်တယ်၊ ရှင်သွားစရာရှိတာ သွားတော့"

ဆိုက်ကားဆရာ ထွက်သွားတော့မှ အိမ်ထဲသို့ ဆက်လက်ငေးမျှော်ကြည့်ရပြန်သည် ။ မေးမြန်းစုံစမ်းခြင်းတော့ ပြုဦးမှ ပါပဲ။ ထိုစဉ် "ဝေါင်း"ခနဲ အသံနှင့်အတူ ခွေးတစ်ကောင် ထွက် လာပြီး သံပန်းတံခါးမှာ ပြူးကပ်၊ ချောင်းနေသည့် သူမရဲ့ လက်ဖျံလေးကို ငုံခဲ ကိုက်ဟပ်လိုက်သည် ။

"အမယ်လေး!"

အသံက နာကျင်စိုးရွံ့လွန်းသဖြင့် ညဥ့်ဦးယံကို ထွင်းဖောက်သွားရော့ထင့်။ အိမ်ထဲမှ လူတစ်ယောက် အပြင်သို့ ကပျာကယာ ထွက်လာတော့သည် ။

"မေရီ … မေရီ"

သူ့ခွေးကို ပြန်သိမ်းနေစဉ် လက်ကလေးကို ကိုင်ဖျစ်၊ ထိုင်ချထားသည့် သူမတို့ သားအမိကို မြင်သွားပြီး …

"ကိုက်မိသွားသလား၊ ဘာကိစ္စရှိလို့ ပါလဲ။ အချိန်မတော်ကြီး … ဆယ်နာရီတောင် ထိုးတော့မယ်"

ခွေးကို အိမ်ဘက်သို့ မောင်းလွှတ်ရင်း သံပန်းတံခါးကို ခေတ္တဖွင့်ကြည့်သည် ။ သူမလက်မှ သွေးများကို မြင်သွားပြီ။

"လာ … လာ … အိမ်ထဲခဏဝင်၊ ပြီးမှ လိုရာပြောတာပေ့ါ။ မေရီက ကိုက်ခဲပါတယ်"

ကိုယ်ချင်းစာနာစိတ်တော့ ရှိပေလိမ့်မည်။ အချိန်မတော် သူတို့ အိမ်ရှေ့မှာ ခွေးလာအကိုက်ခံသည့် ကောင်မလေးသို့ မငြိုငြင်ရှာပါ။ သားအမိနှစ်ယောက် တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လိုက်သွားမိသည် က ရှိစုမဲ့စု ဝန်စည်စလယ်များ နှင့် ဖြစ်သည် ။ သူမရဲ့ အိတ်ကလေးတစ်လုံးသာပါပဲ။

သည် အိတ်ထဲမှာ သူမရဲ့ အဝတ်အစားနည်းနည်းနှင့် သူများ ပေးသည့် သားလေးရဲ့ ဝတ်စုံနှစ်စုံ။

အိမ်ထဲသို့ရောက်တော့ သူက သူမတို့ ကို ဧည့်ခန်းမှာ ခေတ္တထိုင်ခိုင်းသည် ။ ဧည့်ခန်းထဲမှာ မည်သူမှ လည်း မရှိ။ တစ်ယောက်တည်း နေတာတော့လည်း မဟုတ်တန်ရာ။ ဖိနပ်စင်မှာ ဖိနပ်တွေကဖြင့် အများကြီး။

အဲ! ... လူတစ်ယောက် ဖိနပ်တစ်ရံ မဟုတ်ဘဲ လူတစ်ယောက်တည်းနှင့် ဖိနပ်တွေ အများကြီး ထားသည် ဆိုလျှင်တော့ မတတ်နိုင်။ ဖိနပ်ကြည့်ပြီး လူဦးရေ ဆုံးဖြတ်လို့ မရတော့ဘူးပေါ့။

သူ မီးဖိုဖြစ်နိုင်သည့် အခန်းတစ်ခုထဲသို့ ခေတ္တဝင်သွားစဉ် သူမ ဧည့်ခန်းကို ကပျာကယာ စေ့ကြေည့်လိုက်မိသည် ။ ဧည့်ခန်းထဲမှာ ပန်းချီကားအချို့၊ ပြီးတော့ စန္ဒရား။

ပန်းချီကားတွေက သူမနှစ်သက်တတ်သည့် ရှုမျှော်ခင်းပုံတွေ။ သူ့ဘာသာဆွဲတာလား၊ ဝယ်တာလား။ စန္ဒရားကြီးကလည်း ကောင်းလိုက်တာ။ သူတီးတာလား ဘာလား။ သူလို့ သာ ပြောရသည် ၊ သူမထက်တော့ အတော်ကြီးပေလိမ့်မည်။

ပန်းချီကားထဲမှ မီးပုံလေးကိုကြည့်ပြီး သူမမှာ လည်း ရင်တစ်ပြင်လုံး လောင်မြိုက်လာပြန်သည် ။ ဒေါ်ကြီးတို့ ဘယ်ကိုရောက်ကုန်ပြီလဲ။ အိမ်ထောင်ပရိဘောဂပဲ လုပ်ရောင်းတဲ့ ဒေါ်ကြီးတို့ ဒီလောက်တော့ မကြီးပွားတန်ရာပါဘူး။

ဒေါ်ကြီး ကြီးပွားတာ မကြီးပွားတာထက် လောလောဆယ် သူမတို့မှာ နေစရာမရှိတာက ပိုဆိုးသည် ။ ဖေဖေ့ဆီလည်း မပြန်ချင်။ ဟုတ်တိပတ်တိနဲ့ ထွက် လာပြီးမှ ပြန်ဝင်ရလျှင် မိထွေးနှင့် မယားပါသားကတော့ လိမ့်ပိန့် လက်မထောင်၊ အမောက်ထောင်လိုက်မည် ဖြစ်ခြင်း။

မပြန်။ ဖေဖေ့ဆီသို့တော့ မပြန်။ မိဘမေတ္တာဆိုတာကို သူမ နားလည်ခံစားတတ်ပေမယ့် ကိုယ်နှင့်သက်တူရွယ်တူ သားတစ်ယောက်ပါသည့် မိန်းမကိုမှ ရွေးချယ်ခဲ့သည့် ဖေဖေ့ကို သူမ ခွင့်မလွှတ်နိုင်သေး။

"မှန်း ..."

ယူလာသည့် အရက်ပုံ့တွေ၊ ရေနွေးတွေနှင့် တိုလီမုတ်စတို့ ကိုကြည့်ရင်း ဆေးကြောက်သူပီပီ သူမကတော့ တွန့်သွားခဲ့သည် ။

"နေ ... နေပါစေရှင်၊ ရတယ်။ ဘာမှ မဖြစ်လောက်ပါဘူး။ မနက်ကျမှ မာလကာရွက်ဝါးပြီး အုံလိုက်ပါ့မယ်"

ဗိန္ဓောဆရာကြီးနှယ် သူမကို သူက မျက်မှောင်တွန့်ကုပ် ကြည့်လိုက်သည် ။

"ဘာတုံး ... ဘာဖြစ်ရတာတုံး၊ ညည်း ဆေးထည့်ရအောင် အိမ်ထဲလိုက်လာတာ မဟုတ်ဘူး လား"

ပြုံးရမလား မဲ့ရမလား၊ လောလောဆယ်တော့ သူမ ငိုချင်နေမိသည် ။

" မဟုတ်ဘူး ရှင့်၊ ဟိုလေ ... ဒါ အစက ဒေါ်ကြွေတို့ နေတဲ့ မြေနေရာ မဟုတ်ဘူး လားရှင့်။ သူ့ယောက်ျားက လက်သမား လုပ်တယ်လေ"

ညောင်မြစ်ကတော့ စတူးနေရပါပြီ။ ညောင်ပင်ကြီးပဲ တွေ့မလား၊ ပုတ်သင်ဥပဲ တွေ့မလားတော့ မသိ။

"အဲဒါ ကြာပြီပဲကွ၊ ကိုယ်တို့ ဝယ်လိုက်တာပဲ ခြောက်နှစ်ကျော်ရှော့မယ်။ ဒေါ်ခင်ကြွေလား ဘာလားတော့ မသိဘူး။ လက်သမား လုပ်တာတော့ ဟုတ်တယ်"

အနံ့လေး နည်းနည်းရသည် မို့ သူမ အားတော့ အတန်ငယ် ရှိသွားခဲ့ရသည် ။ အိပ်ပျော်နေသည့် သားကို ပွေ့ရင်းငုံ့ရင်း -

"သူ ... သူတို့ ဘယ်ကိုများ ပြောင်းသွားသတဲ့ လဲရှင်၊ ကျွန်မက ဒေါ်ခင်ကြွေရဲ့ တူမပါ။ တောကနေ လာရတာပါ။ အဲဒါ"

သူမကို ဆေးထည့်ရန် လက်ရွယ်ဆဲ သူက စိတ်မကောင်းစွာ ကြည့်နေခဲ့သည် မှာ ဘာကြောင့်ပါလဲ။

"ကဲပါလေ၊ ပြီးမှ စကားပြောတာပေါ့။ ဆေးအရင်ထည့်ရအောင်။ အစွယ်ရာ လေးပေါက်စလုံး နက်သွားခဲ့တယ်။ ညည်းလက်ကလည်း ကိုက်ဖို့ အနေတော်ပဲကိုး။ ခွေးဝါးလို့ ကောင်းပေါ့။ မပူနဲ့ ၊ မနက်ကျ မလိုလေး လိုလေး ချက်ကို ဆေးပတ်ထိုးပေးဦးမယ်"

အတော်အစသန်သည့် လူကြီး ဖြစ်ပေမည်။ ဆေးထည့်မှာ တောင် မျက်ကလဲဆန်ပျာ ဖြစ်နေသည့် သူမကို ချက်မှာ ဆေးပတ်ထိုးပေးဦးမတဲ့ ။

"အလား လာ! ..."

ယောင်ယမ်းပြီး သူ့လက်ကိုဆုပ်ညှစ်ပြီးမှ သတိရတော့ ပြန်လွှတ်၊ အရှက်သည်းနေလိုက်တာက လက်မှ သွေးစတို့ နှင့် အပြိုင်။

အပျိုလေးပဲ ရှက်တာပေါ့နော်။ သူကတော့ ဘာမှ မဖြစ်သလိုပဲ အနာဆေး၊ ဆေးထည့်၊ ပလာစတာ ကပ်ပေးခဲ့သည် ။

"ကဲ! ပြီးပြီ၊ မနက်ကျမှ ဆရာဝန်ဆီသွားပြီး ဆေးထိုးပေးမယ်။ ညည်းအဒေါ်တွေက တခြားကို ပြောင်းသွားတာ ထင်တယ်။ ကိုယ်လည်း အတိအကျမသိဘူး။ မေမေ့ကို မေးပေးမယ်။ ခုတော့ မေမေအိပ်နေတယ်။ ဒါ ညည်းသားလေးလား၊ ခေတ်ကာလ သားသမီးတွေများ အံ့သြပ့်။

လူကဖြင့် ဥကကျွတ်စ ရှိသေးတယ် ... ကလေးတွေဘာတွေတောင်ရလို့ ။ ဘာလဲ! ယောက်ျားနဲ့ ရန်ဖြစ်လာတာလား၊ ဒါမှ မဟုတ် ယောက်ျားနဲ့ ကွဲလာလို့ လား၊ ဒါမှ မဟုတ် ..."

သူ့ "ဒါမှ မဟုတ်"တွေက ပြီးပဲမပြီးနိုင်။ စိတ်ညစ်ရသည့်ကြားထဲ နားကလည်း မကြားဝံ့။

"ဟုတ် ... ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"အားလုံး ဟုတ်ကဲ့"

"နင့်ဘိုးအေ၊ ယောက်ျား သေတာလား"

"ဟုတ်ကဲ့"

"စောစောက ကွဲတာဆို"

"အဲဒါလည်း ဟုတ်ကဲ့"

"သေတော့မှာ ပဲ၊ ဒီအရူးနဲ့ တော့။ ကဲ! ညည်းမှတ်ပုံတင် ငါ့ပေးထား။ အချိန်မရှိတော့ဘူး၊ မနက်ကျမှ လိုတဲ့ နေရာကြွပေတော့။ ဒီတစ်ည ဒီမှာ လက်ခံလိုက်မယ်၊ ဟုတ်ပြီလား။ ကဲ! လာ ... ညည်းတို့ သားအမိအိပ်ဖို့ အခန်းပြမယ်"

သူပြသော အောက်ထပ်မှ အခန်းတစ်ခုမှာ နေရာယူရင်း သူမ၏ မှတ်ပုံတင်ကို ပေးလိုက်သည် ။ လူကိုမယုံလို့ မှတ်ပုံတင်တောင်းတာပေ့ါ။ မြို့ကြီးပြကြီးပဲ၊ ဒီလောက်တော့ ရှိမှာ ပေ့ါနော်။

"ဝတ်မှုန်ခေါင်၊ ဒီမှာ တော့ အပျိုဆိုပါလား"

"ဟို! ဒါ လွန်ခဲ့တဲ့ ... ဟိုလေ ... ငယ်ငယ်တုန်းက"

ညာဝါးရသည့် အလုပ်ပေမို့ သူမရဲ့ စကားတွေက အမြီးအမောက် သိပ်မတည့်ချင်။ သို့ပေမဲ့ သူမက ခပ်တည်တည်။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ညည်းဟာညည်း ဘယ်အရွယ်ကယူယူ။ ကဲ! စိတ်ချလက်ချသာ အိပ်ပေတော့။ တံခါးကို ချက်ချထား။ အိပ် ... အိပ် ... နောက်မှာ အိမ်သာလည်း ရှိတယ်၊ ရေချိုးခန်းလည်း ရှိတယ်"

"ဟုတ်"

လူကြီး ထွက်သွားတော့မှ သူမက အခန်းကို ကြည့်လိုက်သည် ။ ကျယ်ဝန်းသန့်ပြန့်သော အခန်းတစ်ခုပါပဲ။ တောမြို့လေးမှာ ပြည့်ပြည့်စုံစုံ နေခဲ့ရပေမယ့် ယခုလိုကြီးတော့ တစ်ခါမှ မကြုံစဖူးခဲ့။ တော်တော် ချမ်းသာသည့်အိမ် ဖြစ်မည်။

ကျယ်ပြန့်အိစက်သော မွေ့ရာပေါ်မှာ သားလေးကို သိပ်ရင်း သူမက တော့ အိပ်မပျော်။ ယခုညတော့ နတ်ဘုံနတ်နန်းမှာ ။ နက်ဖြန်ခါတော့ ဘယ်ဘုံကို ရောက်ဦးမလဲ။

သူမ မတွေးချင်တော့။

တော်ပြီ။ ပစ္စုပ္ပန်တည့်တည့်ကိုပဲရှု။ သားနံဘေးမှာ သိုးနေအောင် အိပ်ထည့်လိုက်တော့မည်။

ဆယ့်ရှစ်နှစ်ဆိုတာ ကလေးသာသာပဲ မဟုတ်လားနော်။

***